# အမျိုးသမီးများဆိုင်ရာ အချက်အလက်

နိုဝင်ဘာလ၊ ၂၀၂၄ ခုနှစ်

https://www.facebook.com/burmesewomensunion | https://burmesewomensunion.org

အကြမ်းဖက်စစ်အုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။

## သေဆုံးသူ




အမျိုးသမီး ၆၁ ဦး

## ထိခိုက်ဒဏ်ရာရသူ



အမျိုးသမီး ၆၃ ဦး

## အမျိုးသမီး သေဆုံးသူအရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်






မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများ အရ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၆၁)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၃၇)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၆)ဦး၊ မတရားသတ်ဖြတ်မှုကြောင့် (၅)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၂)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ မီးရှို့သတ်ဖြတ်မှုကြောင့် (၁)ဦးတို့ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၆၃)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၄၂)ဦး၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၁၆)ဦး၊ မတရားသတ်ဖြတ်မှုကြောင့် (၂)ဦး၊ မုဒိမ်းပြုကျင့်မှုကြောင့် (၂)ဦး နှင့် မီးရှို့မှု ကြောင့် (၁)ဦးတို့ဖြစ်ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းသည် နိုဝင်ဘာလအတွင်း အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီး ဒဏ်ရာရသူ (၁၁)ဦးနှင့် အမြင့်ဆုံးပြည်နယ်ဖြစ်သည်။

infogram

# တိုင်းနှင့်ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ

မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် ရှမ်းပြည်နယ်မှ (၁၅) ဦး၊ ရခိုင်ပြည်နယ်မှ (၁၃)ဦး၊ မန္တလေးတိုင်းမှ (၁၁)ဦးနှင့် စစ်ကိုင်းတိုင်းမှ (၁၀)ဦး တို့အသီးသီး ဖြစ်ကြပြီး ရှမ်းပြည်နယ်သည် နိုဝင်ဘာလအတွင်း အမျိုးသမီး အသက်ဆုံးရှုံးမှု အများဆုံး ပြည်နယ်ဖြစ်သည်။




မှတ်ချက်။ သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိနေသောကြောင့် လက်တွေ့မြေပြင်တွင် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

BURMESE WOMEN'S UNION

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org

infogram